This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ရဒဖ)
ဥက္ကဋ္ဌရုံး
Chairman Office
အမှတ် (၁၀၄/၃၃၂)၊ ဘုရင့်နောင်လမ်း၊
(၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 095143823
arakanleaguefordemocracy.ald@gmail.com

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် No.......... Date..........

ARAKAN LEAGUE FOR DEMOCRACY

**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၏ ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကြေညာစာတမ်း**

ရက်စွဲ ။ ။ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ ( ၂၀ ) ရက်။

ကျွန်ုပ်တို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ရှစ်လေးလုံးဒီမိုကရေစီရေး ပြည်သူ့အရေးတော်ပုံကာလက မွေးဖွားခဲ့သည့်ပါတီဖြစ်သည်။ ကျွန်ုပ်တို့ပါတီကို ရခိုင်မြန်မာပဏ္ဍိတ်ဆရာကြီး ဦးဦးသာထွန်းနှင့် ဒေါက်တာဦးစောမြအောင်တို့က ဦးစီးဦးဆောင်ပြုကာ ရခိုင်ပြည်နယ် (၁၇) မြို့နယ်တို့မှ ကိုယ်စားလှယ်များဖြင့် (၁၉၈၈)တွင် စတင်တည်ထောင်ခဲ့ကြသည်။ တည်ထောင်စဉ်ကပင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်သည် ဒီမိုကရေစီအရေး၊ တိုင်းရင်းသားလူမျိုးများတန်းတူရေး၊ အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ရှိရေးတို့အပေါ်အခြေခံသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရန် မူဝါဒများ ချမှတ်ထားပြီး တည်ထောင်ခဲ့ခြင်းဖြစ်သည်၊၊ ဤမူဝါဒများသည် မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်ကိုချုပ်ငြိမ်းစေပြီး စစ်မှန်သောငြိမ်းချမ်းရေးရရှိကာ ရခိုင်ဒေသအပါအဝင် မြန်မာတစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဟု ယုံကြည်သည်။ ဤသို့ယုံကြည်သည်နှင့်အညီ ကျွန်ုပ်တို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်သည် ချမှတ်ထားသည့်မူဝါဒများကို မျက်ခြေပြတ်မခံပဲ မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်သည်။

ရခိုင်ပြည်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်ခြမ်းတွင်ရှိပြီး၊ ရခိုင်ရိုးမတောင်တန်းနှင့် ဘင်္ဂလားပင်လယ်တို့ကြားတွင် လခြမ်းပုံတည်ရှိနေသည်။ ထို့ကြောင့် ရခိုင်ပြည်တွင် ဘင်္ဂလားပင်လယ်အော်တစ်လျှောက် မိုင်ပေါင်း (၃၆၀) ရှည်လျားသော ရခိုင်ကမ်းရိုးတန်း၊ တောတောင်ထူထပ်သည့် နွယ်ချိုဖိုးခေါင်ရိုးမတောင်တန်းတို့သည် ရခိုင်ပြည်၏ အသက်သွေးကြောသဖွယ်တည်ရှိနေကြသည့် မြစ်ချောင်း၊ အင်းအိုင်များတို့ကို ပိုင်ဆိုင်ထားသည့် သဘာဝအရင်းအမြစ်များပင်ဖြစ်ကြသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် မြန်မာပြည်မနှင့် တောင်တန်းဒေသတိုင်းရင်းသားလူမျိုးများတို့ကြား ချုပ်ဆိုခဲ့ကြသည့်ပင်လုံစာချုပ်ကို အကြောင်းပြုကာ ၁၉၄၈ ခုနှစ်တွင် ပြည်ထောင်စုသမ္မတ

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

မြန်မာနိုင်ငံဟု ပေါ်ထွန်းလာခဲ့သည်။ ထို့နောက်တွင် ရခိုင်တို့သည် ပါလီမန်ဒီမိုကရေစီခေတ် (၁၉၄၈ - ၁၉၆၂)၊ တော်လှန်ရေး ကောင်စီခေတ် (၁၉၆၂ -၁၉၇၄)၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် (၁၉၇၄ - ၁၉၈၈)၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရခေတ် (၁၉၈၉ - ၁၉၉၂ )၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရခေတ် (၁၉၉၂ -၂၀၁၁)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီခေတ် (၂၀၁၁ -၂၀၁၅)၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီခေတ် (၂၀၁၅ -    ) စသည့်ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ကြပြီး နောက်တွင် ရခိုင်ပြည်သည် မြန်မာနိုင်ငံတွင်ဖွံ့ဖြိုးမှုအနည်းဆုံး ပြည်နယ်တစ်ခုဖြစ်နေသည်။ ပင်လုံစာချုပ်ပေါ် အခြေခံ၍ တည်ထောင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံတွင် ပင်လုံစာချုပ်၏အနှစ်သာရဖြစ်သော တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူညီမျှရေး၊ ကိုယ့်ကြမ္မာကိုဖန်တီးခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အကောင်အထည်ဖော်ရန် ခေတ်အဆက်ဆက်သော ပြည်ထောင်စုအစိုးရတို့ ပျက်ကွက်ခဲ့ကြသည်။ ထိုအကျိုးဆက်အဖြစ် နိုင်ငံရေး အရမညီမျှမှု၊ စီးပွားရေးအရမညီမျှမှု၊ အခွင့်အလမ်းများမညီမျှမှု၊ တရားဥပဒေရေးရာတွင်မညီမျှမှုတို့ကို ဖြစ်ပေါ်စေခဲ့သည်။ ဤမညီမျှမှုတို့ကို အကြောင်းပြုကာ တရားမျှတမှုပျောက်ကွယ်ရသည်။ တရားမျှတမှုမရှိတော့ဟု ခံစားချက်က နောက်ဆုံးတွင် စစ်ရေးပဋိပက္ခဆီသို့ဦးတည်ကာ တိုင်းရင်းသားများနေထိုင်ရာဒေသများတွင် ပြည်တွင်းစစ်မီးကို ပိုမိုတောက်လောင် စေသည်။

ယနေ့ရခိုင်ပြည်တွင် တန်ဖိုးမြင့်သဘာဝသယံဇာတဖြစ်သော ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များ ရှာဖွေတွေ့ရှိ ထုတ်လုပ်လာမှုကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ထပ်မံရောက်ရှိလာကြသည်။ ရေနက်ဆိပ်ကမ်း စီမံကိန်းများ၊ အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ ဟိုတယ်ဇုန်စီမံကိန်းများ၊ စိုက်ပျိုးရေးစီမံကိန်းများ၊ သတ္တုတူးဖော်ထုတ်လုပ်ရေးစီမံကိန်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ ရခိုင်ကမ်းလွန်မှထွက်ရှိသည့် ရွှေသဘာဝဓာတ်ငွေ့ကို နိုင်ငံခြားသို့တင်ပို့ရောင်းချမှုအပါအဝင် အခြားသောအကြီးစား နိုင်ငံခြားရင်းနှီးမှုများမှ ရရှိသည့်ဝင်ငွေများမှာ မြန်မာနိုင်ငံအတွက် အများဆုံးရရှိစေသည့် ဝင်ငွေများဖြစ်သည်။ ကျွန်ုပ်တို့မှာ သဘာဝသယံဇာတတို့၏ မူရင်းပိုင်ရှင်များဖြစ်ကြသော်လည်း အဆိုပါ သယံဇာတများမှရရှိလာသည့် အကျိုးအမြတ်များတွင် ရခိုင်ပြည်သူများအနေနှင့် မည်သည့်အခွင့်အရေး မည်သည့်အကျိုးခံစားခွင့်များမှ မရရှိသည့်အပြင် လူမှုရေးနှင့်စီးပွားရေးဘဝများကိုပင် ထိခိုက်ပျက်စီးမှုများနှင့် ကြုံတွေ့နေရသည်။

ထို့အပြင် ရခိုင်ပြည်သည် ဘင်္ဂလားပင်လယ်အော်၊ အိန္ဒိယသမုဒ္ဒရာတို့နှင့် တဆက်တစပ်တည်းတည်ရှိ နေမှုတို့ကြောင့် စီးပွားရေးနှင့်စစ်ရေးတို့အရ အချက်အချာကျမှုတို့က အိမ်နီးချင်းနိုင်ငံကြီးများအပါအဝင် ကမ္ဘာ့ အင်အားကြီး နိုင်ငံများကပါ မျက်စိကျလာကြသည်။

သို့ရာတွင် လက်ရှိရခိုင်ပြည်မှာ မြန်မာနိုင်ငံတွင်အဆင်းရဲဆုံးအဆင့်မှ မတက်နိုင်ပဲရှိနေသည့်အနေအထားတွင် ပြည်တွင်းစစ်မီးမှာလည်း တနေ့ထက်တနေ့ပြင်းထန်လာနေသဖြင့် အပြစ်မဲ့ပြည်သူများမှာ ဒုက္ခမျိုးစုံနှင့် ရင်ဆိုင်တွေ့ကြုံ နေရသည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

သို့ဖြစ်၍ ကျွန်ုပ်တို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်သည် ရခိုင်ပြည်ရှိ ရခိုင်လူမျိုးများအပါအဝင် တိုင်းရင်းသားမျိုးနွယ်စုများ၏ အကျိုးစီးပွားနှင့် ပြည်တွင်းစစ်ချုပ်ငြိမ်းကာ စစ်မှန်သော ထာဝရငြိမ်းချမ်းရေးတို့အတွက် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို အခြားသောတိုင်းရင်းသားလူမျိုးများနှင့်လက်တွဲ၍ တည်ဆောက်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်သည်။

ထို့ကြောင့် ဤသို့သောပြည်ထောင်စုမျိုးကို တည်ဆောက်ရန်ဆိုလျှင် လက်ရှိအုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးတို့တွင် ပြုပြင်ပြောင်းလဲမှုများကို မဖြစ်မနေပြုလုပ်ရမည်ဖြစ်သည်။ ယင်းကြောင့် ကျွန်ုပ်တို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အောက်ပါအတိုင်း ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လက်ရှိကျင့်သုံးနေသော အုပ်ချုပ်ရေးစနစ်မှ ဖက်ဒရယ်ပြည်ထောင်စုအုပ်ချုပ်ရေးစနစ်နှင့် ကိုက်ညီမည့်ပြောင်းလဲမှုများကို ပြုလုပ်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ပြည်နယ်တွင်းရှိ ပြည်သူများ၏အကျိုးကို အပြည့်အဝစီမံခန့်ခွဲ ဆောင်ရွက်ပေးနိုင်ရန် ပြည်နယ်အစိုးရ၏ အုပ်ချုပ်ရေးအာဏာသည် လွတ်လပ်မှုရှိရမည်ဖြစ်သည်။ အကြောင်းမှာ ပြည်နယ်တွင်းရှိ ပြည်သူများသည်သာ အချုပ်အချာအာဏာ၏ မူရင်းပိုင်ရှင်များ ဖြစ်ကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ပြည်နယ်၏အုပ်ချုပ်ရေး အာဏာသည် ပြည်နယ်အစိုးရ၌သာ တည်ရမည်။ ပြည်နယ်တွင်းရှိ ဘဏ္ဍာရေးရာကိစ္စရပ်များတွင်လည်း ဖက်ဒရယ်စနစ်နှင့်အညီ မူဝါဒများချမှတ်၍ အဆိုပါမူဝါဒများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်ရှိရမည်။

ပြည်နယ်၏စီးပွားရေးတွင်လည်း ပြည်နယ်တွင်းရှိ သဘာဝသယံဇာတများဖြစ်သော ရေနံနှင့်ဓာတ်ငွေ့၊ သတ္တုများ၊ ရေထွက်ပစ္စည်းများကို တူးဖော်ထုတ်လုပ်ရာတွင် စီမံခန့်ခွဲပိုင်ခွင့်၊ ရရှိသောဝင်ငွေများကို ခွဲဝေသုံးစွဲပိုင်ခွင့်များ၊ နိုင်ငံခြားစီးပွားရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို စီမံခန့်ခွဲပိုင်ခွင့်စသည်များ ရှိရမည်။ ကုန်သွယ်ရာတွင်လည်း ပြည်နယ်အချင်းချင်း လွတ်လပ်စွာကူးသန်းရောင်းဝယ်မှုများ လုပ်ပိုင်ခွင့်၊ နယ်စပ်ကုန်သွယ်ရေးအတွင် ညှိနှိုင်း၍ ခွင့်ပြုချက်ပေးပိုင်ခွင့်၊ ပြည်နယ်၏ လယ်ယာနှင့် သစ်တောကဏ္ဍတွင်လည်း ပြည်နယ်အတွင်းရှိ လယ်ယာမြေများနှင့် သစ်တောများကို ကာကွယ်ရန်အပြင် အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် မူဝါဒများချမှတ်ပြီး စီမံပိုင်ခွင့်ရှိရမည်။ ထို့အပြင် ပြည်နယ်၏အခွန်ကဏ္ဍတွင်လည်း ပြည်နယ်အတွင်းမှ ထွက်ရှိသော သဘာဝ အရင်းမြစ်များထုတ်လုပ်ခြင်းမှ ရရှိသည့်ဝင်ငွေများအပေါ် ကောက်ခံရရှိသည့် အခွန်အပါအဝင် အခြားလုပ်ငန်းများမှ ရရှိသည့် အခွန်ငွေတို့ကို ချမှတ်ထားသည့်မူဝါဒများနှင့်အညီ စီမံခန့်ခွဲပိုင်ခွင့် ရှိစေရမည်။ ပြည်နယ်ရဲတပ်ဖွဲ့ကို ပြည်နယ်၏စီရင်ပိုင်ခွင့်အတွင်း ပြည်သူများအား ကာကွယ်ရန်နှင့် မှုခင်းများကိုစုံစမ်းစစ်ဆေးဖြေရှင်းပေးနိုင်ရမည်။ ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် လွတ်လပ်သည့်မြူနီစပယ်များကို တည်ထောင်ရန်စီမံခန့်ခွဲပိုင်ခွင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ပြည်နယ်အစိုးရသည် ပြည်ထောင်စု အစိုးရ၏ သက်ဆိုင်ရာ ဝန်ကြီးဌာနက အကောင်အထည်ဖော်သည့်လုပ်ငန်းများကို ကြီးကြပ်ရသောအစိုးရများ မဖြစ်စေရ။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial- ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

အထက်တွင် ဖော်ပြခဲ့သည့် အခွန်ဘဏ္ဍာများကို ပြည်နယ်ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင် ထည့်သွင်းထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်ကိုလည်း ဖက်ဒရယ်ပြည်ထောင်စု တရားစီရင်ရေးစနစ်နှင့် ကိုက်ညီမှုရှိအောင် လက်ရှိတရားစီရင်ရေးစနစ်တွင် လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကိုလည်း ပြုလုပ်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ တရားစီရင်ရေးတွင် ပြည်ထောင်စုတရားစီရင်ပိုင်ခွင့်နှင့် ပြည်နယ်တရား စီရင်ပိုင်ခွင့်ကို ခွဲခြားသတ်မှတ်ထားရမည်ဖြစ်ပြီး အဆင့်ဆင့်သောတရားစီရင်ပိုင်ခွင့်များနှင့်အညီ စစ်ဆေးစီရင်ရမည်ဖြစ်သည်။ ထို့ကြောင့်လည်း ရာဇဝတ်မှုနှင့် တရားမမှုများကိုစစ်ဆေးစီရင်ရန် ပြည်ထောင်စုတရားရုံးနှင့် ပြည်နယ်တရားရုံးတို့သည် အဆင့်ဆင့်သောတရားရုံးများကို ဖွဲ့စည်းတည်ထောင်သွားရမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဥပဒေပြုရေးကဏ္ဍတွင်လည်း စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု အခြေခံမူများနှင့်အညီ သက်ဆိုင်ရာပြည်နယ်လွှတ်တော်များကို ပြည်နယ်တွင်းနေထိုင်နေကြသည့် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသွားရမည်။ ပြည်နယ်အတွက်လိုအပ်သည့်ဥပဒေများကို ပြဋ္ဌာန်းပေးနိုင်ရမည်ဖြစ်သည်။ ဥပမာ - ဒေသခံ တောင်သူလယ်သမားများ၏ ရိုးရာအစဉ်အလာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ကာကွယ်မည့် ဥပဒေများကို ပြဋ္ဌာန်းပေးနိုင်ရမည်ဖြစ်သည်။

ကျွန်ုပ်တို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်သည် ဖော်ပြခဲ့သည့် နိုင်ငံရေးမူဝါဒများနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းရင်းသားမဟာမိတ်ပါတီများအပြင် ပြည်မမှ စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုစနစ်ကို အမှန်တကယ်လိုလားသည့် ပါတီများနှင့်လည်း ပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်သွားမည်ကို သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်သည်။ လွတ်လပ်ရေးသက်တမ်းနှင့်အမျှ ကြာမြင့်လာပြီဖြစ်သည့် ပြည်တွင်းစစ်မီးသည် အထူးသဖြင့် ရခိုင်ဒေသတွင် ပိုမိုပြင်းထန်လာနေပြီးဖြစ်သည်။ ဤပြည်တွင်းစစ်မီးကို ငြိမ်းအေးစေရန်မှာ တရားမျှတခြင်း ယဉ်ကျေးမှုတစ်ရပ်ကို အခိုင်အမာတည်ဆောက်နိုင်ရန် အားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်သည်။ သို့မှသာ တရားမျှတခြင်းနှင့် လွတ်လပ်ခြင်းသည် မိမိတို့နိုင်ငံ၌ တည်လိမ့်မည် ဖြစ်သည်။

ထို့ကြောင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ခြင်းဖြင့် ပြည်တွင်းစစ်မီးကို ချုပ်ငြိမ်းစေပြီး စစ်မှန်သော ထာဝရငြိမ်းချမ်းရေးကို ကြိုးစားတည်ဆောက်ကြပါစို့။

**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်**